scottish refugee council

Burmese

# မိသားစု ပြန်လည်ပေါင်းစည်းမှု

## ဒုက္ခသည်များ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု အကာအကွယ် ရယူထားသူများ

---

**မိသားစု ပြန်လည်ပေါင်းစည်းမှုကို ဆွေးနွေးရန် ဥပဒေအကြံပေး သို့မဟုတ် ဥပဒေကိစ္စဆောင်ရွက်ပေးသူထံသို့ သင်မချဉ်းကပ်မီ အောက်ပါ အချက်အလက်များသည် သင့်အား သတင်းအချက်အလက်နှင့် သက်သေခံ အထောက်အထားများ တတ်နိုင်သရွေ့အများဆုံး ကောက်ယူစုဆောင်းနိုင်ရန် အကူအညီပေးလိမ့်မည်။**

သင့်တွင် **ဒုက္ခသည် အဆင့်အတန်း** သို့မဟုတ် **လူသားချင်းစာနာထောက်ထားမှု အကာအကွယ် ရရှိထား** ပြီး သင့်အနေဖြင့် သင့်မိသားစုဝင်တစ်ယောက်အား ယူကေတွင် သင်နှင့်အတူ နေထိုင်စေလိုလျှင် သင့်အနေဖြင့် အောက်ပါအချက်များကို သက်သေပြနိုင်ရန် လိုအပ်လိမ့်မည်။

- သင့်တွင် ဒုက္ခသည် အဆင့်အတန်း ရှိကြောင်း၊ ဥပမာအားဖြင့် သင်၏ လူဝင်မှု အခြေအနေ မှတ်တမ်းမှတ်ရာ
- ၎င်းတို့သည် သင်နှင့် ဆွေမျိုးတော်စပ်ကြောင်း၊ ဥပမာအားဖြင့် လက်ထပ်စာချုပ် သို့မဟုတ် မွေးစာရင်း/မွေးစား လက်မှတ်၊ မင်္ဂလာဆောင် ဓာတ်ပုံများ သို့မဟုတ် မိသားစုဓာတ်ပုံများ
- ၎င်းတို့အား သင့်အနေဖြင့် ပုံမှန်ဆက်သွယ်နေသေးကြောင်း၊ ဥပမာအားဖြင့် ဖုန်းကတ်များ၊ စာများ၊ ငွေလွှဲလက်ခံဖြတ်ပိုင်းများ

**နိုင်ငံရပ်ခြားရှိ သင့်မိသားစုဝင်သည် အောက်ပါတို့ကို ယူကေ သံရုံးကို သက်သေပြရမည်။**

1) ခင်ပွန်း/ဇနီး/တရားရုံးတက် လက်ထပ်ထားသည့် အဖော်[1] တစ်ယောက်ပါဝင်သော ကိစ္စတွင်
   - ၎င်းတို့နှင့် သင်သည် အသက် ၂၁နှစ် သို့မဟုတ် ထိုထက်ကြီးကြောင်း

2) ကလေးတစ်ယောက်ပါဝင်သော ကိစ္စတွင် (မွေးစားကလေး အပါအဝင်)
   - ၎င်းကလေးသည် အသက် ၁၈နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိ သို့မဟုတ် သီးခြား လွတ်လပ်စွာနေထိုင်နေကြောင်း

   (သင့်ကလေးသည် အသက် ၁၈နှစ်နီးပါးရှိပါက ကျေးဇူးပြု၍ ချက်ချင်း အကြံဉာဏ်တောင်းခံပါ။ ၎င်းတို့၏ ၁၈ နှစ်ပြည့် မွေးနေ့မတိုင်မီ သင်အနေဖြင့် လျှောက်ထားရမည်။)

3) အခြား ဆွေမျိုးများပါဝင်သော ကိစ္စတွင်

- ၎င်းတို့သည် သင့်အပေါ်တွင် မှီခိုနေရသေးကြောင်း၊ ၎င်းတို့ထံသို့ သင်ငွေပို့ကြောင်း သို့မဟုတ် ၎င်းတို့သည် မိမိဖာသာနေကြောင်း သို့မဟုတ် အသက်အရွယ်ကြီးရင့်ကြောင်း သို့မဟုတ် နီးစပ်သော ဆွေမျိုးသားချင်းတစ်ယောက်ဖြစ်ကြောင်းနှင့်
- ၎င်းတို့၏ အခြေအနေသည် ‘အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပြီး မေတ္တာဂရုဏာ ကြီးမားသည့် အခြေအနေ’[2]ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ၎င်းတို့သည် အခက်အခဲကြုံတွေ့နေရကြောင်းနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်ရန် အခြား မည်သူမျှ မရှိကြောင်း၊

**အခြား အရေးကြီးသော အချက်အလက်များ**

- မည်သည့် မူရင်း စာရွက်စာတမ်းများကို မဆို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။
- သင့် မိသားစုဝင်တွင် နိုင်ငံကူးလက်မှတ် သို့မဟုတ် သက်သေခံ စာရွက်စာတမ်းရှိပါက၊ ၎င်းသည် လျှောက်ထားမှုအတွက် များစွာ အထောက်အကူဖြစ်လိမ့်မည်။
- ၎င်းတို့သည် ယခုအခါ မည်ကဲ့သို့သော အခြေအနေများတွင် နေထိုင် နေကြသနည်း။ မည်သူနှင့်နည်း။ ၎င်းတို့ကို မည်သူက ထောက်ပံ့သနည်း။

---

1 လိင်တူ ဆက်ဆံရေးကို တရားဥပဒေအရ ခွင့်ပြုခြင်း

2 ပြည်ထဲရေးရုံး မူဝါဒ ယူနစ်မှ IAT သို့ မှတ်စု၊ ၂၀၀၄ ခု ဇွန်လ ၂၉ ရက်

**စည်းကမ်းသတ်မှတ်ချက်များနှင့် ပြည့်စုံစေရန် သင့်အနေဖြင့် စုဆောင်းနိုင်သည့်အသုံးဝင်သော သက်သေ အထောက်အထားများ**

| **စည်းကမ်းသတ်မှတ်ချက် လိုအပ်ချက်များ** | **သက်သေ အထောက်အထားဥပမာများ** |
|---|---|
| ဒုက္ခသည် အဆင့်အတန်း သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု အကာအကွယ် | သင့် လူဝင်မှု အခြေအနေ မှတ်တမ်းမှတ်ရာ<br>သင့်ခရီးသွား မှတ်တမ်းမှတ်ရာ |
| ဆွေမျိုးတော်စပ်မှု/မိသားစု အစိတ်အပိုင်း | သင်၏ လက်ထပ်စာချုပ်<br>သင့် ကလေးအတွက် မွေးစာရင်း/မွေးစားမှု လက်မှတ်<br>သင့်မင်္ဂလာဆောင် သို့မဟုတ် မိသားစု ဓာတ်ပုံများ |
| ပုံမှန် အဆက်အသွယ်ပြုလုပ်မှု | ဖုန်းကတ်များ သို့မဟုတ် မှတ်တမ်းများ<br>စာများ<br>ငွေလွှဲလက်ခံ ဖြတ်ပိုင်းများ |

**မည်သူက ကူညီ နိုင်သနည်း။**

စကော့တလန် ဒုက္ခသည် ကောင်စီသည် မိသားစု ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုကို မပေးတော့ပါ။ သို့ရာတွင် သင့် ဥပဒေရေးရာ ကိုယ်စားလှယ်သည် သင့်အား ကူညီနိုင်ပါလိမ့်မည်။ သင့်တွင် ဥပဒေရေးရာ ကိုယ်စားလှယ်တစ်ယောက် မရှိပါက သို့မဟုတ် သင့်ကိုယ်စားလှယ်အား ပြောင်းလဲလိုပါက ဥပဒေရေးရာ ကိုယ်စားလှယ်များ၏ အမည်များနှင့် လိပ်စာများကို ကျွန်ုပ်တို့ ပေးနိုင်ပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း သင့်အနေဖြင့် ဤအရာကို စူးစမ်းဆောင်ရွက်လိုပါက သင်သည် ဤလိုအပ်ချက်များနှင့် လိုအပ်သော သက်သေ အထောက်အထားများကို ထည့်သွင်းစဥ်းစားပြီးဖြစ်ကြောင်းနှင့် ဤကိစ္စသည် သင်မလျှောက်ထားမီ အကျိုးဝင်လိမ့်မည်ဖြစ်ကြောင်း ကျေးဇူးပြု၍ သေချာအောင်ပြုလုပ်ပါ။

**Scottish Refugee Council** 5 Cadogan Square,
(170 Blythswood Court) Glasgow G2 7PH
အခမဲ့တယ်လီဖုန်း အကြံဉာဏ် **0800 085 6087**
အီးမေးလ် info@scottishrefugeecouncil.org.uk
ဝက်ဘ်ဆိုက် www.scottishrefugeecouncil.org.uk
မှတ်ပုံတင်ထားသည့် ချို့ငဲ့သူများကူညီရေးအဖွဲ့ No: SC008639